
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
ဆယ့်နှစ်ကြိုးမယ်ညှာ

## အောင်မြတ်သာနှင့် ဆယ့်နှစ်ကြိုးမယ်ညှာ

တဝေါဝေါ တသောသောနဲ့ တိုက်ခတ်နေတဲ့ အရှေ့လေကြောင့် ဇရပ်ပျက်ပေါ်မှာ မိုးထားတဲ့ ဓနိဖက်တွေ တံစက်မြိတ်အောက်ကို ပြုတ်ကျလာခဲ့တယ်။

ဇရပ်အနီးတစ်ဝိုက်မှာ ဆော့ကစားနေကြတဲ့ ကလေးငယ်တွေကတော့ လေတစ်ချက်တိုက်တိုင်း "မယ်ညှာ လာပြီဟေ့ အဟေးအဟေး" လို့ အော်ဟစ်ကာ စနောက်ရင်း ပျော်ရွှင်နေကြတယ်။

ကလေးငယ်တွေရဲ့စကားသံကြောင့် ဇရပ်ပျက်ပေါ်မှာ အိပ်နေတဲ့လူတစ်ယောက် ငုတ်တုတ်ထထိုင်လာပြီး "ဟေ့ကလေးတွေ ငါအိပ်လို့မရဘူး နားကိုငြီးတယ် ... ခပ်ဝေးဝေးမှာ သွားဆော့ကြစမ်း" လို့ အော်ဟစ်လိုက်ပေမဲ့ ကလေးငယ်တွေက မကြောက်လန့်တဲ့အပြင် လုံချည်ကို ခေါင်းမှာစွပ်ကာ "အဟီးအဟီး ငါက မယ်ညှာရဲ့ ညာလက်ရုံးနော် မကြောက်ဘူးလား"ဆိုပြီး စနောက်လိုက်သေးတယ်။

"ဟာ ဒီကလေးတွေနဲ့တော့ ဒုက္ခပဲကွာ။ မင်းတို့ မသွားဘူးဆိုလည်း ငါသွားမယ်ဟေ့" လို့ပြောကာ အဝတ်စားအနည်းငယ်ထည့်ထားတဲ့ အထုပ်ကိုဆွဲယူကာ လူသွားလမ်းအတိုင်း ထွက်လာခဲ့လိုက်တယ်။

သစ်ရိပ်ဝါးရိပ်တွေနဲ့အေးမြနေတဲ့ ရွာလမ်းတစ်လျှောက် လုပ်ငန်းခွင်က နေပြန်လာသူ၊ ပြေးလွှားဆော့ကစားနေသူတွေနဲ့ မပြတ်စည်ကားနေခဲ့တယ်။

"ဟိုကောင်လေး ... ... အရှေ့မှာ သွားနေတဲ့ကောင်လေး ခဏလေးနေပါဦး"

အနောက်ကနေ လှမ်းခေါ်လိုက်တဲ့အသံကြောင့် အဝတ်ထုပ်ကိုလွယ်ကာ လမ်းလျှောက်နေတဲ့ လူငယ်က သမင်လည်ပြန် လှည့်ကြည့်လိုက်ပြီး

"ကျုပ်ကို ခေါ်တာလားဗျ"

"ဟုတ်တယ် မင်းကိုခေါ်တာ ... ဦးလေးကို တစ်ခုလောက် ကူညီပေးပါလားကွယ်။ တန်ရာတန်ကြေးတော့ ပေးမှာပါ"

"ဘာကိစ္စများလဲဗျ ကျုပ်နိုင်တယ်ဆိုရင် ကူညီမယ်လေ"

"ကျုပ်ရဲ့တူတစ်ယောက် ထမင်းစားပြီး တစ်ရေးတစ်မောအိပ်လိုက်တာ အခုပါးစပ်ကနေ အမြှုပ်တွေထွက်ပြီး ခေါ်မရတော့လို့ ... ကူညီပြီး ထမ်းပိုးပေးပါဦး"

"ဟာ ဒါကတော့ လုပ်ပေးရမှာပေါ့ ... လူနာက ဘယ်မှာလဲ"

"လာ လာ ကျုပ်နဲ့လိုက်ခဲ့"

လူငယ်လည်း အသက်ခပ်ကြီးကြီးလူ ခေါ်တဲ့နောက်ကို လိုက်သွားတဲ့အချိန် လမ်းတစ်လျှောက်မှာ ဆော့ကစားနေတဲ့ ကလေးငယ်တွေက

"ဟေ့ လူကြီး အဲဒီဘက်မှာ သင်္ချိုင်းပျက်ပဲရှိတယ် ဘယ်သွားမလို့လဲ" ဆိုပြီး အော်ပြောတော့မှ အသိစိတ်ကပ်ပြီး ကြည့်လိုက်ရာ လမ်းအဝင်ဝမှာ "ထိန်ပင်သုသာန်" ဆိုပြီး ရေးထားတာ တွေ့လိုက်ရတယ်။

"ဟေ့ ကလေးတွေ ခုနက လူကြီးတစ်ယောက် ငါ့ကိုလာခေါ်တာ မြင်လိုက်သေးတယ် မဟုတ်လား"

လူငယ်ရဲ့စကားကြောင့် ပုဆိုးစလွယ်သိုင်းကာ သံခွေကိုကိုင်ထားတဲ့ ကလေးတစ်ယောက်က

"ဦးလေးကို ဖိုးသံခဲက စနေပြီထင်တယ်"

"ဖိုးသံခဲ ဟုတ်လား ... သူက ဘယ်လိုစတာလဲ"

"ဖိုးသံခဲက ရွာကိုလာတဲ့ ဧည့်သည်တွေဆိုရင် အခုလိုပဲစနောက်တတ်တယ် ဒါနဲ့ ဦးလေး နာမည်က ဘယ်လိုခေါ်လဲ"

ကလေးငယ်တွေရဲ့မေးခွန်းကြောင့် လူငယ်က ပခုံးပေါ်တင်ထားတဲ့အဝတ်ထုပ်ကို ဘေးချလိုက်ပြီး "ငါ့နာမည်က တောက်ရလို့ခေါ်တယ် ... မင်းနာမည်ကရော ..."

"ကျွန်တော်က မောင်မှတ် ... သူကတော့ ဖိုးလုံးတဲ့"

"အေးအေး မင်းတို့ရွာကိုတော့ ငါ စိတ်ဝင်စားသွားပြီကွာ"

"ရွာအကြောင်း စိတ်ဝင်စားရင် ဦးသန်းတင်ဆီသွား သူက ရွာအကြောင်းပြောရမယ်ဆိုရင် ထမင်းမေ့ဟင်းမေ့ပဲဗျ"

"ဟုတ်ပြီ ဒါဖြင့် ဦးသန်းတင်နေတဲ့အိမ်ကို စုံစမ်းပြီး သွားလိုက်ဦးမယ် မင်းတို့လည်း ဆော့စရာရှိတာ ဆော့ကြဦး"

တောက်ရလည်း ကလေးနှစ်ယောက်ရဲ့ခေါင်းကိုပုတ်ကာ ရွာထဲကို ဝင်လာခဲ့လိုက်တယ်။ ရွာထဲရောက်တော့ သိပ်မရှာလိုက်ရပဲ ဦးသန်းတင်နေတဲ့ အိမ်ကိုရောက်လာခဲ့တယ်။

"ဒီအိမ်က ဦးသန်းတင် အိမ်လားဗျို့"

တောက်ရခေါ်သံကြောင့် အပေါ်အင်္ကျီဗလာကျင်းထားတဲ့ အသက်ငါးဆယ်အရွယ် လူကြီးတစ်ယောက် ထွက်လာခဲ့တယ်။

"အေး ဟုတ်တယ် ဒါနဲ့ မင်းက ဘယ်သူလဲ"

"ကျွန်တော်က ဒီရွာအကြောင်း မေးစရာအနည်းငယ်ရှိလို့ တီးခေါက်ကြည့်တော့ ဦးသန်းတင်လောက် အသိပညာဗဟုသုတပြည့်တဲ့သူ မရှိဘူးလို့

သိခဲ့ရတယ်။ ဒါကြောင့် အခုလို လာတွေ့ရတာပါ"

တောက်ရစကားကြောင့် ဦးသန်းတင်မျက်နှာ ပြုံးရွှင်သွားပြီး

"မင်းက ဒီလောက်အမွှမ်းတင်နေတော့လည်း ငါကမပြောပြလို့ ဘယ်ဖြစ်တော့မလဲ လာကွာ အိမ်ပေါ်တက်ခဲ့ဦး"

တောက်ရလည်း လှေကားအဆင်းမှာ ဖိနပ်ချွတ်နေတဲ့အချိန် အလွန်စူးရှတဲ့အနံ့တစ်ခုကို ရလိုက်မိတယ်။

"ဟော့ကောင်လေး တက်လာလေကွာ"

ဦးသန်းတင် ခေါ်သံကြောင့် အတွေးကိုဖြတ်တောက်ပြီး အိမ်ပေါ်ကို တက်လာခဲ့လိုက်တယ်။

"ထိုင်ကွာ ... ဒီနေ့တော့ အိမ်မှာ ညွှန့်ခံစရာ မြေပဲပြုတ်ပဲရှိတယ် ကြိုက်ရင်တော့ စားကွာ"

တောက်ရလည်း ဦးသန်းတင် ချပေးတဲ့မြေပဲပြုတ်ကို ယူမလို့ လိုက်လှမ်းလိုက်တဲ့အချိန် မမြင်ရတဲ့ အထိအတွေ့တစ်ခုက လက်ဖျံကို ဖတ်ခနဲလှမ်းပုတ်တာကို ခံစားလိုက်ရတယ်။ ဒါပေမဲ့ လက်ကလှမ်းယူပြီးသား ဖြစ်နေတဲ့အတွက် ဟန်မပျက်ကောက်ကိုင်ပြီး ကြည့်လိုက်ရာ မြေပဲပြုတ်မဟုတ်တော့ပဲ ခွေးချီးခြောက်ဖြစ်နေတာ မြင်လိုက်ရတယ်။

"ဦးသန်းတင် ခင်ဗျားက ညွှန့်သည်ကို ညွှန့်ဝတ်ပြုတာကလည်း ရိုင်းလှချည်လား"

တောက်ရစကားကြောင့် မလှမ်းမကမ်းမှာ ထိုင်နေတဲ့ ဦးသန်းတင်မျက်နှာ ပျက်သွားပြီး

"ဟို ဟို ကျုပ်က ဘာသဘောနဲ့မှလုပ်တာ မဟုတ်ပါဘူး ... ညွှန့်သည်ဆိုတော့ ဘာလို့ဘာမှန်းမသိလို့ အကဲစမ်းလိုက်တာပါ"

"ခင်ဗျား အကဲစမ်းတာကလည်း လူရည်ကြည့်လေဗျာ။ ကျုပ်အခု လုပ်ထည့်လိုက်ရင် သွေးပါ အန်သွားလိမ့်မယ်"

"ဟုတ် ဟုတ်ကဲ့ တောင်းပန်ပါတယ်ဗျာ ဒီတစ်ခါ ခွင့်လွှတ်ပေးပါ ..."

"ထားလိုက်တော့ ထားလိုက်တော့ ... ဒီရွာကို ကျုပ်စရောက်တော့ ရွာထိပ်မှာ ဖိုးသံခဲနဲ့ တွေ့ခဲ့သေးတယ်"

"ဆရာလေးက သံခဲနဲ့တွေ့ခဲ့တာကိုး ... သူတို့ တစ်မိသားစုလုံးက မယ်ညှာလက်ချက်နဲ့ သေခဲ့ရတာလေ"

ဦးသန်းတင်စကားကို ကြားတော့ တောက်ရ မဲ့ပြုံးပြုံးလိုက်ပြီး "ကျုပ်လည်း မယ်ညှာဆိုတဲ့ မိန်းမအကြောင်း ကြားဖူးပါတယ် ... ရွာထိပ်ကိုရောက်တော့လည်း ကလေးတွေက မယ်ညှာပုံစံလိုဟန်ဆောင်ပြီး ဆော့နေကြသေးတာ" လို့ပြောလိုက်တော့ ဦးသန်းတင်က

"မယ်ညှာဆိုရင် ဒီရွာမှာ မသိတဲ့သူမရှိဘူးဗျ ... အဲ နောက်ပြီး ရွာခံအတော်များများက ဒီလိုပညာတွေကို အနည်းအကျဉ်း တတ်မြောက်ထားကြတယ် ..."

"ဒါဖြင့် မယ်ညှာအကြောင်း ကျုပ်ကို ပြောပြပါဦး"

"ဆရာလေးသိချင်ရင်တော့ အကျဉ်းချုံးပြောပြပါမယ် ... မယ်ညှာ အမေက သူမွေးကင်းစမှာဆုံးခဲ့တာ။ သူ့အဖေနာမည်က ဦးကင်းမောင်လို့ခေါ်တယ်။ မယ်ညှာက လူမှန်းသိတတ်စအရွယ်ထဲက တစ်ရွာလုံးကို ထုံးလိုချေရေလိုနှောက်ခဲ့တာ"

"ဘယ်လို ဘယ်လို ... ..."

"ဟုတ်တယ်ဆရာလေး ... မယ်ညှာက မွေးရာပါ ပညာဘူးပါတယ်လို့ ရွာထဲပြောစမှတ် ရှိကြတယ်။ သူ့အသက် ၄နှစ်မှာ ဘယ်အပင်မှာ ဘာ

အကောင်ရှိတယ်။ ဘယ်အကောင်က ဘယ်ရွာကနေ ပြောင်းလာတာ စသဖြင့် အတိအကျပြောပြနိုင်ခဲ့တာ။ သူနဲ့ရန်ဖြစ်တဲ့ ကလေးတွေဆိုရင် ဖျားရင်ဖျား၊ မဖျားရင် ကယောင်ကတမ်းတွေဖြစ်ရော"

"သူဒီလိုလုပ်တာ သူ့အဖေက ဘာမှဝင်မပြောဘူးလား"

"သူ့အဖေကလည်း သမီးကိုမြှောက်ပင့်ထားတာ ... ဆုံးမဖို့ဆိုတာ ဝေးရောပေါ့။ တစ်နေ့မှာတော့ သံခဲသားနဲ့ သူနဲ့ကလေးသဘာဝ စကားများရန်ဖြစ်ကြတယ်။ သံခဲရဲ့သားက မယ်ညှာကို တွန်းလိုက်တာ နဖူးမှာ သွေးစို့ရုံ ဒဏ်ရာလေးတစ်ခုရခဲ့တယ်။ နောက်တစ်နေ့ နေ့လယ်ရောက်တော့ သံခဲရော သူ့သားပါ ထမင်းစားရင်း လျှာတစ်တောင် လောက်ထွက်ကျပြီး သေပါလေရော။ ဘာကြောင့်သေတယ်ဆိုတာ ငါတို့ကသိပေမဲ့ ဘယ်သူမှ မပြောရဲကြဘူးလေ"

"မယ်ညှာကြောင့် သေတယ်ဆိုတာကရော ဖြစ်နိုင်ပါ့မလား"

"သံခဲတို့နဲ့ပြဿနာဖြစ်တာဆိုလို့ မယ်ညှာပဲရှိတာလေ သူပဲလုပ်တာဖြစ်မှာပေါ့ နောက်ပြီး အဲဒီတုန်းက မယ်ညှာက ကိုးနှစ်ပဲရှိသေးတာ။ ဒီကိစ္စဖြစ်ပြီးတော့ မယ်ညှာရော သူ့အဖေပါ ရွာကနေ ပျောက်ခြင်းမလှ ပျောက်သွားခဲ့တယ်"

"ဦးသန်းတင် ပြောသလိုဆိုရင် ရွာက ကလေးတွေက မယ်ညှာကို ဘာကြောင့်သိနေရတာလဲ။ သူတို့ပုံစံကြည့်ရတာ ကြောက်တဲ့ပုံလည်းမပေါ်ဘူး"

"ဆရာလေး မသိလို့ပါ။ ဒီရွာမှာ မယ်ညှာကို မကြောက်တဲ့ ကလေးဆိုတာ မရှိဘူး။ ဘာကြောင့်လဲဆိုတာ မကြာခင် ဆရာလေး မြင်တွေ့ရမှာပါ"

"သူက ရွာကနေပျောက်သွားတာ ကြာပြီလဲပြောသေး ... မကြာခင် မြင်တွေ့ရမှာပါလို့လည်းပြောသေး ခင်ဗျားစကားက ဘာကြီးလဲ"

"ဒီရွာက မယ်ညွာရဲ့ အစောက်ရှောက်ခံရွာအဖြစ် ခံယူထားတဲ့အတွက် လပြည့်လကွယ်နေ့တွေဆိုရင် သူ့ရဲ့နာမ်ရုပ်က ရွာထဲကိုလှည့်ပြီး လိုက်ကြည့်တတ်တယ်။ အခု ဆရာလေး ကျုပ်အိမ်ရောက်နေတာ သူသိလောက်ပြီထင်တယ်"

"ဟက်ဟက် သိတော့လည်း ပိုကောင်းတာပေါ့ဗျာ ဘာလဲ ခင်ဗျားက ကြောက်နေတာလား"

တောက်ရစကားကို ဦးသန်းတင် အဖြေမပေးဘဲ မျက်နှာရှုးနဲ့ ဆေးလိပ်ကောက်ဖွာနေလိုက်တယ်။

***